တော်စရာ ရှိပေသေး၏၊ သရဏဂုံ ထပ်စေပြီးနောက်လည်း ဥပဇ္ဈာယ် ထပ်၍ ယူစေရမည်။

သိက္ခာပဒါနိ ပန သရဏဂမနေနေဝ ဣဇ္ဈန္တိ။ပ။ ဧဝံ- သန္တေပိ ဒဠှီကရဏတ္ထံ အာယတိံ သံဝရေ ပတိဋ္ဌာပနတ္ထံ ပုန ဒါတဗ္ဗာနိ=သိက္ခာပုဒ်တို့ကား သရဏဂုံ ယူခြင်းဖြင့်ပင် ပြီးစီး ကုန်တော့၏၊ သို့သော်လည်း (မြဲရာ သံပတ်သကဲ့သို့) ခိုင်မြဲ စေခြင်း, နောင်ခါ စောင့်စည်းစေခြင်းအကျိုးငှါ နောက်ထပ် ပေးထိုက်ကုန်၏၊ [ "ပေး"ဆိုသော်လည်း သိက္ခာပုဒ် ၁၀-ပါး ကို ချပေးတဲ့ အပေးဖြစ်သည်၊ သမာဒိယာမိထည့်၍ ဆောက် တည်စေခြင်း မဟုတ်။]

အဒိန္နာဒါနေ တိဏသလာကမတ္တေနာပိ ဝတ္ထုနာ= အဒိန္နာဒါန၌ အဖိုးမထိုက်သော မြက် ဝါးခြမ်းကလေးမျှ လောက် ဝတ္ထုကို ယူခြင်းကြောင့်လည်း လိင်ကျ၏။

အဗြဟ္မစရိယေ တီသု မဂ္ဂေသု ယတ္ထ ကတ္ထစိ ဝိပ္ပဋိ- ပတ္တိယာ=အဗြဟ္မစရိယ၌ ဝစ္စ, ပဿာဝ, မုခ မဂ် ၃-ခုတို့တွင် တခုခု၌ ဖောက်လွဲဖောက်ပြန် ကျင့်မှုကြောင့် လိင်ကျ၏။

မုသာဝါဒေ ဟသာဓိပ္ပါယတာယပိ မုသာ ဘဏိတေ အဿမဏော ဟောတိ၊ နာသေတဗ္ဗတံ အာပဇ္ဇတိ=မုသာ ဝါဒ၌ ပြောင်သလို လှောင်သလို မုသား ပြောခြင်းကြောင့် လည်း သမဏ(သာမဏေ)မဟုတ်တော့၊ အသွင်ကို ဖျက်ဆီး ထိုက်တော့၏။

**မှတ်ချက်။** ။"ကျီစားသလို မုသား ပြောရုံမျှဖြင့် လိင် ကျ၏"ဟု ဆိုထား၏၊ ယခုကာလ၌ ကျီစား